Government of Western Australia
North Metropolitan Health Service
Mental Health, Public Health and Dental Services

# သွားနှင့်ပတ်သက်သည့်ဒဏ်ဖြစ်ပြီးနောက် လိုက်နာရမည့်အကြံဉာဏ်

ဒဏ်ရာရထားသည့်သွားသည် လပေါင်းတော်တော်ကြာကြာ သို့မဟုတ် ဒဏ်ဖြစ်ပြီး နောက်နှစ်တော်တော် ကြာကြာတိုင် ရောဂါအသစ်များ ပိုတိုးကောင်းတိုးလာနိုင်သည်။ ဒဏ်ရာရထားသော သွားအား သွားဆရာဝန်ဖြင့် ပုံမှန်စစ်ဆေးရန် အရေးကြီးသည်။



ပုံ ၁။
အပရောင်ရင့်ပပသာသား

မိဘများ/ စောင့်ရှောက်သူများအနေဖြင့် ဒဏ်ရာရထားသည့်သွားအား စောင့်ရှောက်ရာတွင် အရေးကြီးသည့်အခန်းမှ ပါဝင်နေသည်။ သင့်အနေဖြင့် အောက်ပါအတိုင်း ကူညီနိုင်သည်-

- သွားဆရာဝန်မှ ပေးသည့်အကြံဉာဏ်အတိုင်း လိုက်နာခြင်း
- ဒဏ်ရာရထားသည့်နေရာအား သန့်ရှင်းနိုင်သမျှ သန့်ရှင်းစေခြင်း:
  - နူညံ့သည့်သွားပွတ်တိုက်ဖြင့် တစ်နေ့ ၂ ကြိမ် တိုက်ပေးခြင်း
  - အစာစားပြီးတိုင်း ဆားရေနွေးဖြင့် ပလုတ်ကျင်းခြင်း
- သင့်အနေဖြင့် တစ်ခုခုအား သတိထားမိပါက သွားဆေးခန်းအား ဆက်သွယ်ခြင်း:
  - ဒဏ်ရာရထားသော သွား/ သွားများ၏ အရောင်ပြောင်းလဲမှု တစ်စုံတစ်ရာ (ပုံ ၁)
  - ဒဏ်ရာရထားသည့်သွားနှင့်ဆက်စပ်သည့် အဖု/ဝက်ခြံ / ဖူးယောင်ခြင်း သို့မဟုတ် နာကျင်မှုတစ်စုံတစ်ရာ (ပုံ ၂)



ပုံ ၂။
ရှေ့သွားနှစ်ချောင်းကြား ရောင်နေခြင်း

ဒဏ်ရာရထားသည့်သွားအား ကုသရန် ဆေးခန်းသို့အကြိမ်ရေများစွာ သွားရောက်ကောင်းသွား ရောက်ရနိုင်သည်။ အောက်ပါတို့ ပါဝင်သည်-

- ဒဏ်ရာရထားသည့်သွားနှင့် ပါးစပ်အား အရေးပေါ်ကုသခြင်း
- ကုသပျောက်ကင်းနိုင်ရေး ဆန်းးစစ်ချက်အတွက် ဓါတ်မှန်ရိုက်ခြင်း
- ပဲ့နေသည့်သွားအား ပြန်လည်ဖာထေးရန် ရိုးရှင်းသောဖာထေးခြင်း
- ပိုမိုပြင်းထန်သည့်ဒဏ်ရာများအတွက် သွားအမြစ်ခြေ ကုသခြင်း

သက်သာပျောက်ကင်းရန် စောင့်ကြည့်ခြင်း နှင့် ရောဂါအသစ်များအား ဆန်းစစ်ခြင်းအတွက် ပြန်လည်ဆန်းစစ်မှုရက်ချိန်းများအား ၃ လ၊ ၆ လ၊ ၁၂ လ နှင့် ၂၄ လ ကာလအပိုင်းအခြားများအလိုက် ခန့်မှန်းခြေ လိုအပ်ကောင်းလိုအပ်နိုင်သည်။ အချို့ကိစ္စများတွင် သင့်ကလေးသည် ဒဏ်ရာရှုပ်ထွေးမှုကြောင့် အထူးကုနှင့် ကုသမှုခံယူရန် ညွှန်းဆိုကောင်းညွှန်းဆိုခံရနိုင်သည်။ ဆေးစာလိုအပ်ခဲ့လျှင် မိဘများ/ စောင့်ရှောက်သူများအနေဖြင့် ကုန်ကျစရိတ်များ ပေးချေရန် တာဝန်ရှိသည်။

အခြားအချက်အလက်များ လိုအပ်လျှင် အောက်ပါဖုန်းနံပါတ်ပါ ဆေးခန်းသို့ ဆက်သွယ်ပါ။

CLINIC
STAMP

## အခြားသိလိုသည့်အချက်အလက်များအတွက် သင့်၏ သွားဆရာဝန်နှင့် ဆွေးနွေးပါ။

**အချက်အလက်များပိုမို သိရှိလိုပါသလား သို့မဟုတ် သဘောထားမှတ်ချက် ပေးလိုပါသလား?**
ဤစာရွက်စာတမ်းအား တောင်းခံလိုပါက မျက်မမြင်လက်ရေးစာ၊ အသံတိပ် သို့မဟုတ် အီလက်ထရောနစ် ပုံစံတစ်မျိုးမျိုးဖြင့် ပြောင်းလဲပေးနိုင်သည်။

Communications Officer, Dental Health Services
Locked Bag 15, Bentley Delivery Centre, WA 6983
(08) 9313 0555
publications@dental.health.wa.gov.au
www.dental.wa.gov.au

ဤစာရွက်စာတမ်းတွင် အသုံးပြုထားသည့် ရုပ်ပုံတစ်စုံတစ်ရာသည် သရုပ်ပြရန် ရည်ရွယ်ချက်သက်သက်ဖြစ်ပြီး ယေဘုယျလမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

CONSUMER REVIEWED
HealthyWA Health information for Western Australians

© 2020 Dental Health Services WA. All rights reserved.

DT37 V 09/22_Burmese